## စာနာပါ . . ချစ်သူရယ်

ချစ်တဲ့သူရေ . .
ပန်းလေးတွေမပွင့်ကြတာ . .
သောကရဲ့ဝေဒနာ။
လိပ်ပြာလေးတွေငိုကြတာ . .
ပန်းပွင့်ရဲ့မာယာ။
ဖြစ်ချင်တိုင်းမဖြစ်ရတာ . .
လောကရဲ့ဓမ္မတာ။
ချစ်ချင်တိုင်းမချစ်ရတာ . .
ချစ်တဲ့သူကမစာနာ . .
အညှာတာကင်းနေလို့။





## ချစ်တာဟာ . . ချစ်တာပဲ

နှုတ်ခမ်းပါးလေးနဲ့ . .
လိမ်ညာသွားတာလား။
မာယာစကားလေးနဲ့ . .
လှည့်စားသွားတာလား။
ညာဏ်များများလေးနဲ့ . .
စွန့်ခွာသွားတာလား။
ဘာကြောင့်ပဲဖြစ်ဖြစ် . .
ချစ်တာဟာ . . ချစ်တာပဲ
အပြစ်လည်းရှာလို့မမြင် . .
တို့ရင်မှာ . . ဆက်ချစ်နေဆဲ။

